

# ၂၀၂၆ ခုနှစ် ဇွန်လ အတွင်း ချင်းပြည်တွင်းဖြစ်ပွားခဲ့သောစစ်ရေး၊ နိုင်ငံရေးနှင့် လူမှုရေးဆိုင်ရာ အချက်အလက်များ လစဉ်အနှစ်ချုပ်

အကျဉ်းချုပ်

၂၀၂၆ ခုနှစ် ဇွန်လအတွင်း ချင်းပြည်နယ်၏ နိုင်ငံရေး၊ လုံခြုံရေးနှင့် လူသားချင်းစာနာမှုအခြေအနေများမှာ စိန်ခေါ်မှုများ ဆက်လက်မြင့်မားခဲ့သည်။ စစ်ရေးပဋိပက္ခများကြောင့် မင်းတပ်၊ ကန်ပက်လက်၊ ပလက်ဝ၊ မတူပီ၊ ဖလမ်း၊ တီးတိန်နှင့် တွန်းဇံများတွင် နေရပ်စွန့်ခွာမှုများ၊ အခြေခံဝန်ဆောင်မှု ပြတ်တောက်မှုများနှင့် လူသားချင်းစာနာမှုအကူအညီ လိုအပ်ချက်များ မြင့်တက်ခဲ့သည်။ ထို့အပြင် စစ်ဘေးရှောင်များ မီဇိုရမ်သို့ ဆက်လက်ဝင်ရောက်လာသဖြင့် နယ်စပ်ဖြတ်ကျော် ရွှေ့ပြောင်းမှုနှင့် လူသားချင်းစာနာမှုဆိုင်ရာ စိန်ခေါ်မှုများ ပိုမိုမြင့်တက်ခဲ့သည်။ အချို့ဒေသများတွင် ပညာရေးနှင့် အုပ်ချုပ်ရေးလုပ်ငန်းများ ပြန်လည်လည်ပတ်လာသော်လည်း အခြေအနေမှာ မတည်ငြိမ်သေးပေ။

KIMO
Research Centre

# ချင်းပြည်တောင်ပိုင်း

## မင်းတပ်မြို့နယ်

| **ရက်စွဲ** | **အကြောင်းအရာ** | **ကြိမ်ရေ** | **သေဆုံးသူ/အိမ်ခြေပျက်စီး** | **မှတ်ချက်** |
|---|---|---|---|---|
| ဇွန် ၂၊ ၂၀၂၆ | လေကြောင်းတိုက်ခိုက်မှု | ၄ | – | ဗုံး (၈) လုံး၊ ဂျက် (၂) စီး |
| ဇွန် ၇၊ ၂၀၂၆ | လေကြောင်းတိုက်ခိုက်မှု | ၃ | (၁၀) အိမ် | ဗုံး (၅၂) လုံး၊ ဂျက် Y-12 (၂) စီး |
| ဇွန် ၈၊ ၂၀၂၆ | လေကြောင်းတိုက်ခိုက်မှု | ၉ | | ဗုံး (၅၂) လုံး၊ ဂျက် Y-12 (၂) စီး |
| ဇွန် ၁၆၊ ၂၀၂၆ | လေကြောင်းတိုက်ခိုက်မှု | – | | ဗုံး (၁၂) လုံး (ပေါင် ၅၀၀ အပါအဝင်) |
| ဇွန် ၁၇၊ ၂၀၂၆ | လေကြောင်းတိုက်ခိုက်မှု | ၁၇ | | ဗုံး (၇၀) လုံး |
| ဇွန် ၂၉၊ ၂၀၂၆ | လေကြောင်းတိုက်ခိုက်မှု | ၂ | ၃ ဦး (အမျိုးသမီးငယ်များ) | ဗုံး (၇) လုံး |
| ဇွန် ၁–၁၅ ထိ | လေကြောင်းတိုက်ခိုက်မှု | ၇၄ | | ဗုံး (၁၇၀) လုံး |

မှတ်ချက်။ မင်းတပ်မြို့နယ် တိုက်နယ် (၁) အတွင်း ဇွန်လဆန်းပိုင်းမှ စတင်၍ ကလေးနှင့် လူကြီးမရွေး ဝမ်းပျက်ဝမ်းလျှော ရောဂါ ကူးစက်ဖြစ်ပွားခဲ့သည်။

## ပလက်ဝမြို့နယ်

| ရက်စွဲ | အကြောင်းအရာ | ဦးရေ | နောက်ဆက်အကြောင်းအရာ | မှတ်ချက် |
|---|---|---|---|---|
| ဇွန် ၄၊ ၂၀၂၆ | ဖမ်းဆီးခံ (Bangladesh BGB) | ၅၈ | ပလက်ဝမှသိမ်းရှောင်သူ ခူမီးလူမျိုးများ | ကလေးငယ် (၁၁) ဦး |
| ဇွန် ၊ ၂၀၂၆ | ခူမီးတပ်မတော်မှ ဖမ်းဆီးမှု | ၄၀ | ရွာ (၃) ရွာမှ အသက်မပြည့်သူအပါအဝင် | တပ်သားစုဆောင်း |

## ကန်ပက်လက်မြို့နယ်

| ရက်စွဲ | အကြောင်းအရာ | ကြိမ်ရေ | သေဆုံးသူ/အိမ်ခြေပျက်စီး | မှတ်ချက် |
|---|---|---|---|---|
| ဇွန် ၁၉၊ ၂၀၂၆ | လေကြောင်းတိုက်ခိုက်မှု | ၈ | ၆ ဦးသေဆုံ/ ၁၁ ဦး ဒဏ်ရာရ | ဗုံး (၁၆) လုံး၊ ဂျက်ဖိုက်တာ |

# ချင်းပြည်မြောက်ပိုင်း

## တွန်းဇံမြို့နယ်

| ရက်စွဲ | အကြောင်းအရာ | အုပ်စုများ | နောက်ဆက်တွဲအကြောင်းအရာ |
|---|---|---|---|
| ဇွန် ၁၊ ၂၀၂၆ | စစ်ရေးတင်းမာမှု | စစ်ကောင်စီ၊ ZRA နှင့် CC တပ်ပေါင်းစု | ZRA-EC နှင့် စကစ တို့မှ မြို့ကို ပြန်သိမ်းပိုက် |

## တီးတိန်မြို့နယ်

ချင်းပြည်နယ် တီးတိန်မြို့နယ်၊ လိုင်တွီးရွာအနီးတွင် ချင်းဒေသကာကွယ်ရေးတပ်ဖွဲ့ (CDF-Hualngoram) နှင့် ZRA အဖွဲ့တို့အကြား ဇွန်လ ၄ ရက်နေ့ နံနက်ပိုင်းမှစတင်၍ တိုက်ပွဲများအတွင်း တီးတိန်မြို့နှင့် ၂၈ မိုင်ကွာဝေးပြီး ရိခေါဒါရ်မြို့သွားရာ လမ်းပေါ်တွင်ရှိ လိုင်တွီးရွာနှင့် လင်တန်ရွာအထွက် မီးသတ်ရုံးအနီးတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ချင်းပြည်နယ် တီးတိန်မြို့နယ်အတွင်းသို့ စစ်ကြောင်းထိုးလာသည့် စစ်ကောင်စီတပ်ဖွဲ့များသည် သိုင်းငင်းရွာ၌ စစ်စခန်း ပြန်လည်တည်ဆောက်စဉ် မိသားစုနှင့် (၄) လကြာ အဆက်အသွယ်ပြတ်တောက်နေသည့် Suahlim ရွာသားနှစ်ဦးကို ဖမ်းဆီးသတ်ဖြတ်ခဲ့ကြောင်း Suahlim ရွာ၌ အိမ်စောင့်အဖြစ် ကျန်ရစ်ခဲ့သည့် အကြားအာရုံချွတ်ယွင်းသူ အသက် ၄၀ အရွယ် ကိုငင့်လဲမ်ခိုင် (Ngin Lem Khai) နှင့် အသက်ကြီးရင့်သူ Pu Zam Khua Thawng တို့ ဖြစ်ကြောင်း အလင်းဝင်လာသည့် စစ်ကောင်စီစစ်သားတစ်ဦး၏ ပြောပြချက်အရ သိရှိခဲ့ရခြင်းဖြစ်ပြီး၊ ဇွန်လ ၅ ရက်နေ့တွင် မိသားစုဝင်များက နာရေးကို အတည်ပြုခဲ့ကြသည်။

## ဟားခါးမြို့နယ်

စစ်ကောင်စီတပ်သည် ဇွန်လ ၄ ရက်မှစ၍ အင်အား ၃၀၀ ဝန်းကျင်ပါ စစ်ကား ၄ စီးဖြင့် ထိုးစစ်ဆင်ခဲ့ရာ ချင်းတော်လှန်ရေးတပ်ဖွဲ့များ ထိန်းချုပ်ထားသော ထန်တလန်မြို့နယ်အတွင်းရှိ C3 တောင်ကုန်း (ပွိုင့်

၁၉၂၁) ကို ဇွန်လ ၆ ရက်၊ အော်တိုတောင်ကုန်း (ပွိုင့် ၂၀၆၉) ကို ဇွန်လ ၇ ရက်နှင့် တာဝါတိုင်ကုန်းစခန်းကို ဇွန်လ ၈ ရက်တို့တွင် ပြန်လည်သိမ်းယူခဲ့ပြီး၊ ဇွန်လ ၉ ရက် ညနေပိုင်းတွင် ထန်တလန်မြို့ပေါ်စခန်းသို့ ဝင်ရောက်အခြေချကာ လမ်းကြောင်းတစ်ခုလုံးကို ထိန်းချုပ်နိုင်ခဲ့ခြင်း ဖြစ်ကြောင်း ဖော်ပြထားသည်။

| ရက်စွဲ | အကြောင်းအရာ | ကြိမ်ရေ | သေဆုံးသူ/အိမ်ခြေပျက်စီး | မှတ်ချက် |
|---|---|---|---|---|
| ဇွန် ၂၆၊ ၂၀၂၆ | လေကြောင်းတိုက်ခိုက်မှု | ၁ | (၅) ဦးသေဆုံး | CDF-Hakha တပ်ရင်း (၁) နှင့် (၄) |
| ဇွန် ၂၉၊ ၂၀၂၆ | လေကြောင်းတိုက်ခိုက်မှု | ၁ | ((၈) ဦးသေဆုံး | |

## ဖလမ်းမြို့နယ်


ချင်းပြည်နယ်၊ ဖလမ်းမြို့နယ်၌ ကလေးငယ်များ ကျောင်းပြန်လည်တက်ရောက်နိုင်ရန် အဆင့်သတ်မှတ်စာမေးပွဲ (Placement Examination) ကို ဇွန်လ ၁၅ ရက်နေ့မှ စတင်၍ ကျင်းပပေးခဲ့ရာ ကျောင်းသား၊ ကျောင်းသူ ၃ ထောင်နီးပါး ပါဝင်ဖြေဆိုခဲ့ကြပါသည်။ အဆိုပါ စာမေးပွဲကို ဖလမ်းမြို့ပေါ် အ.ထ.က (၂) အပါအဝင် လုမ်ဘန်း၊ ဗားလုံ၊ ဆွောင်းဒို၊ ခေါပွါလ်၊ ဇောင်းသဲ၊ လုမ်သဲနှင့် ဝေဘူလ စသည့် မြို့နယ် စာစစ်ဌာန ၈ ခုတို့တွင် ကျင်းပခဲ့သည်။

## ထန်တလန်မြို့နယ်

| ရက်စွဲ | အကြောင်းအရာ | ကြိမ်ရေ | သေဆုံးသူ/အိမ်ခြေပျက်စီး | မှတ်ချက် |
|---|---|---|---|---|
| ဇွန် ၁၁၊ ၂၀၂၆ | လေကြောင်းတိုက်ခိုက်မှု | ၁ | (၁) ဦးသေဆုံး/ ၅ ဦး ဒဏ်ရာရ | ဗုံး (၂၀) လုံး၊ ဂျက် (၇) စီး (CDF-Zophei ဌာနချုပ်) |

## ချင်းပြည်အတွင်းဖြစ်ပေါ်သောအခြားဆက်စပ်အကြောင်းအရာများ

1) အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် နာရင်ဒရာမိုဒီက စစ်တပ်ခေါင်းဆောင် မင်းအောင်လှိုင်အား ကုလားတန်မြစ်ကြောင်း ဘက်စုံသုံး သယ်ယူပို့ဆောင်ရေးစီမံကိန်း (KMMTTP) တွက် မေလ ၃၀ ရက်မှ ဇွန်လ ၃ ရက်အထိဆွေးနွေးခဲ့သည်။



2) ပညာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ ၂၀၂၆–၂၀၂၇ ပညာသင်နှစ်အတွက် ချင်းပြည်နယ်တွင် ဇွန်လ ၂ ရက်နေ့အထိ အခြေခံပညာကျောင်းအပ်နှံပြီး ပညာသင်ကြားနေသည့် ကျောင်းသား၊ ကျောင်းသူ ဦးရေ စုစုပေါင်း ၂၃,၀၁၀ ဦး ရှိသည်။

3) မီဇိုရမ်ပြည်နယ်တွင် လက်ရှိ၌ မြန်မာစစ်ဘေးရှောင် ၂၉,၇၀၂ ဦး၊ မဏိပူရ်စစ်ဘေးရှောင် ၇,၃၄၄ ဦးနှင့် ဘင်္ဂလားဒေ့ရှ်စစ်ဘေးရှောင် ၁,၆၇၁ ဦး ရှိသည်။

4) ချင်းပြည်ကောင်စီ (CC) အဖွဲ့ဝင် တပ်ဖွဲ့များဖြစ်သည့် CNA နှင့် CDF-Lautu တို့အကြား လောက်တူဒေသရှိ ကျေးရွာတစ်ရွာ၌ ဇွန်လ ၁၃ ရက်နေ့က CNA တပ်ဖွဲ့ဝင်တစ်ဦးမှ CDF-Lautu ရဲဘော်များကို ဆိုင်ကယ်ဖြင့် တိုက်မိရာမှစတင်ကာ ပဋိပက္ခ ဖြစ်ပွားခဲ့ပါသည်။